# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အငယ်တန်းစာရေးရာထူး(၂၈၄)နေရာအတွက်
# ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ထုတ်ပြန်ခြင်း
# ၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်
# ( ၂၀၂၁ ခုနှစ် ဇူလိုင် လ ၄ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၂၈၄)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ၇-၅-၂၀၂၁ ရက်နေ့နှင့် ၂၁-၅-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်၍ ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရမည့်နေ့ရက်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ရေးဖြေစာမေးပွဲအား ၁၀-၇-၂၀၂၁ ရက်နေ့(စနေနေ့)တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့မှ သတ်မှတ်ထားသောနေရာများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထွေထွေဗဟုသုတဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းအား မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြေညာမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား ၈-၇-၂၀၂၁ ရက်(ကြာသပတေးနေ့)နှင့် ၉-၇-၂၀၂၁ ရက်(သောကြာနေ့)များတွင် မိမိလျှောက်လွှာတင်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့နှင့်အတူ လာရောက်ထုတ်ယူရမည်။

၂။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၃၀၀၂၁နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**